**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

(၁၃)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဥ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၂.၃၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်

အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၂၃-၂-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးရှုန်အောရ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း စတင်ဆောင်ရွက်ခြင်းအခမ်းအနားတက်ရောက်ခြင်း။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးထွန်းလင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအေးချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရန်ပုံငွေဆိုင်ရာ အစည်းအဝေး။ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးညီညီထွေး(ခ)ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဆေးရုံတက်ရောက်ကုသနေခြင်း။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ပြည်ပခရီးစဉ်။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ခြင်း။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ မန်းတိုးရွှေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၁)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၃၉)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကယားပြည်နယ်၊ ဖရူဆိုမြို့နယ် ပြည်သူ့ဆေးရုံတွင် နှစ်ထပ်လူနာဆောင်အသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။　　။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူ က ကယားပြည်နယ်၊ ဖရူဆိုမြို့နယ် ပြည်သူ့ဆေးရုံတွင် နှစ်ထပ်လူနာဆောင် အသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါ်ရှားမူ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။　　။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ ကျွန်မ ဒီကနေ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) ဖရူဆိုမြို့မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမူ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ (၁) ကယားပြည်နယ်၊ ဖရူဆိုမြို့နယ် ပြည်သူ့ဆေးရုံတွင် နှစ်ထပ်ဆောင် လူနာဆောင်လိုအပ်လျက်ရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ။ (၂) အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးပါမည်ကို သိရှိလိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့ အကြောင်းအရင်းကို တင်ပြလိုပါတယ်။ ဖရူဆိုမြို့နယ် ကုသရေးဦးစီးဌာနမှူးရဲ့ အစီရင်ခံစာ တင်ပြချက်အရဆိုရင် ဖရူဆိုမြို့နယ် ဆေးရုံဟာ ၁၉၅၅ ခုနှစ်မှာ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အဆောက်အဦမှာ ပြင်ပလူနာဆောင် ရှိပါတယ်။ (၂)လုံးရှိပါတယ်။ မူရင်းရည်ရွယ်ချက်ကတော့ ကျားလူနာဆောင်၊ မလူနာဆောင် ဟူ၍ ခွဲခြားရန် ဖြစ်သော်လည်း အစည်းအဝေးခန်းမ မရှိတဲ့အတွက်ကြောင့် ကျားလူနာဆောင်ကို အသုံးပြုလိုက်ရပါတယ်။ ယခုအခါ လူနာဆောင်တစ်ခုအတွင်းမှာသာ ကျားလူနာ၊ မလူနာ၊ မွေးလူနာ၊ ကလေးလူနာတို့ကို အတူတကွ ထားရှိနေရပါတယ်။ ၂၀၁၅ ခုနှစ်မှာ (၁၆)ခုတင်ဆံ့မှ (၂၅)ခုတင်ဆံ့အဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခဲ့သော်လည်း ဆေးရုံအဆောက်အဦ တိုးချဲ့ခြင်းမရှိခဲ့ပါ။ ဒါ့အပြင် ဆေးရုံအုပ်ချုပ်မှုပြဇယားအရဆိုရင် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပြင်ပလူနာ၊ အတွင်းလူနာ စာရင်းများမှာဆိုရင် တစ်နှစ်ထက်တစ်နှစ်ပိုပြီး တိုးလာတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ယခုလက်ရှိ ဖရူဆိုမြို့နယ် ပြည်သူ့ဆေးရုံတွင် အဆောက်အဦ လိုအပ်ချက်အရ အထက်ပါ မေးခွန်းများကို မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ အားလုံး ကျေးဇူးတင်ပါတယ်ရှင်။

**ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ မွာလ်ဘင်းရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင် က ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ မွာလ်ဘင်းရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျင့်ခန့်ပေါင် ဖြစ်ပါတယ်။ တီးတိန်မြို့နယ်၊ မွာလ်ဘင်းရွာ ကျေးလက်ကျန်းမာရေးဌာနကို (၁၆)ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးပေးရန် တောင်းဆိုတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တီးတိန်မြို့နယ်၊ မွာလ်ဘင်းရွာမှာ အိမ်ခြေ(၃၀၀)ရှိပြီး ပတ်ဝန်းကျင် (၁၄)ရွာရဲ့ အလယ်ဗဟိုမှာ တည်ရှိပါတယ်။ ၁၉၆၂ ခုနှစ်မှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ ၁၉၇၅ မှာ ကျေးလက်ကျန်းမာရေးဌာန အဆင့်တိုးမြှင့်ခဲ့ပါတယ်။ ရှေးယခင်က တီးတိန်မြို့နယ်တောင်ပိုင်း စော်ဘွားဦးခန့်ထွမ်း ဆိုသူ စံမြန်းခဲ့တဲ့ ရွာဟောင်းဖြစ်ပါတယ်။ အထက်တန်းကျောင်း(ခွဲ)လည်းရှိပါတယ်။ မွာလ်ဘင်းကျေးရွာ ကျန်းမာရေးဌာနလက်အောက်မှာ ဘွင်ရွာနဲ့ ဇန်ဇောလ်ရွာဆိုပြီးမှ ရွာ(၂) ရွာသာ ရှိသော်လည်းပဲ လမ်းပန်းဆက်သွယ်ရေးအခြေအနေအရ လိမ်ခိုင်ရွာ၊ ဝေ့လပ်ရွာ၊ ဒုမန်ရွာ၊ ဘဲကန့်ရွာ၊ ဇောင်ကောင်ရွာများနဲ့ ဖလမ်းမြို့နယ်မှ စိတွေရွာ၊ ဗဇန်းရွာ၊ ကိလ်ကောင်ရွာ၊ ရှာလ်စိရွာ၊ ဇော်နိုးရွာ၊ မွန်ပီးရွာ၊ ဆွောင်းဒွေ့ရွာများကိုလည်း ကျန်းမာရေး စောင့်ရှောက်ပေးလျက် ရှိပါတယ်။

မွာလ်ဘင်းကျေးရွာ ကျန်းမာရေးဌာနရဲ့ ပင်မတိုက်နယ်ဆေးရုံဟာ (ထုတ်လှိုင်)တိုက်နယ် ဆေးရုံဖြစ်ပြီးမှ ကားဖြင့်သွားလျှင်(၁၉)မိုင်၊ ခြေလျင်တောင်တက်လမ်းဖြင့်သွားလျှင် (၉)မိုင်ခန့် ကွာဝေးတဲ့အတွက် ပင်မတိုက်နယ်ဆေးရုံနှင့် အဆက်အသွယ်ခက်ခဲလျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ အတွင်း ထူးဆန်းတဲ့ ကူးစက်တတ်တဲ့ရောဂါမျိုး မွာလ်ဘင်းရွာမှာ ကျရောက်ခဲ့ရာမှာ ချင်းပြည်နယ် အစိုးရရဲ့ အစီအစဉ်ဖြင့် ဟားခါး၊ ဖလမ်း၊ တီးတိန် ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဝန်ထမ်းများ စုပေါင်းပြီး လူနာ(၃၄၄)ဦးကို အချိန်မီ ကုသပေးနိုင်ခဲ့ပါတယ်။ မွာလ်ဘင်းကျေးရွာမှာ (၁၆)ခုတင် ဆေးရုံ(၁)ရုံ လိုအပ်လျက်ရှိကြောင်း ပြသလျက်ရှိပါတယ်။

မွာလ်ဘင်းကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးနိုင်ပါက အနီးအနားရှိ ကျေးရွာ(၁၄)ရွာ၊ အိမ်ထောင်စုပေါင်း(၁၀၀၀)ကျော်ကို ကျန်းမာရေးစောင့်ရှောက်ပေး နိုင်မယ့်အပြင် ဟေလေးရွာ၊ ဆိုင်းဇန်ရွာ၊ ဗန်းတဲ့ရွာ၊ ဆွောင်းပီးရွာ ကျေးလက်ကျန်းမာရေးဌာန(၄)ခု ကိုလည်း အနီးကပ်ကြပ်မတ်နိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် မွာလ်ဘင်း ကျေးလက်ကျန်းမာရေး

ဌာနကို (၁၆)ခုတင်ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးပါရန် တောင်းဆိုတင်ပြပါတယ်။ နိုင်ငံတော်အဆင့်မှ အဆင့်တိုးပေးနိုင်ခြင်း ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လိုအပ်လျက်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး က မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လိုအပ်လျက်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။**　　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး ပဲ ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်စားပြုတဲ့ ချောင်းဆုံမြို့နယ်မှာ ကျေးရွာပေါင်း(၄၆)အုပ်စုနဲ့ ကျေးရွာ(၇၈)ရွာတို့ ဖွဲ့စည်းထားတဲ့ မြို့နယ်လေးတစ်မြို့နယ်ပဲ ဖြစ်ပါတယ်။

အဆိုပါ ချောင်းဆုံမြို့နယ်မှာ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ မြို့နယ်ဆေးရုံ(၁)ရုံ၊ တိုက်နယ်ဆေးရုံ(၃)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၇)ခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)(၃၀)တို့ဖြင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ အဆိုပါ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) (၃၀)ရှိသည့်အနက် (၁၃)ခုမှာ အဆောက်အဦများ တည်ဆောက်ပြီးခဲ့တာကို ကျွန်တော့်အနေနဲ့လေ့လာတွေ့ရှိခဲ့ရပါတယ်။ အဆိုပါ(၁၃)ခုမှာလည်းပဲ (၂)ခုသာ သက်ဆိုင်ရာဌာနက ဆောက်လုပ်ပေးနိုင်ခဲ့ပြီး ကျန်(၁၁)ခုမှာ ကျေးရွာပြည်သူလူထုက ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ထားခြင်းကို လေ့လာတွေ့ရှိခဲ့ရပါတယ်။

အလားတူ ကျန်ရှိနေသည့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) (၁၇)ခု ကျန်ရှိခဲ့ပါတယ်။ အဲဒီကျန်ရှိနေတဲ့ (၁၇)ခုအနက်မှ တောင်စွန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ ဒေါင်းဥကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ တော်ကနာကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ တိုးချဲ့ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ ကွမ်လှာကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ အဘစ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တို့မှာ အဆောက်အဦ တည်ဆောက်ရန် မြေရှိနေတဲ့ ကျေးရွာတွေပဲ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ ဥပဒေ၊ နည်းဥပဒေနှင့်အညီ သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းများနှင့် သဘောတူညီချက်ရရှိပါက အဆိုပါကျေးရွာများမှာ တည်ဆောက်ရန် အဆင်သင့်

ဖြစ်နေတာကို ကျွန်တော့်အနေနဲ့ လေ့လာတွေ့ရှိခဲ့ရပါတယ်။ ကျွန်တော့်ရဲ့ ချောင်းဆုံမြို့နယ်မှာ အဲဒီလိုမျိုး ဝန်ထမ်းအင်အား အပြည့်အဝရှိနေပါလျက်နဲ့ အဆောက်အဦများ အလုံအလောက် မရှိသည့်အတွက် ကြောင့်မို့လို့ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များကို ကျန်းမာရေး စောင့်ရှောက်မှုများ ပေးတဲ့အချိန်အခါမှာ အခက်အခဲများရှိလာနိုင်ခဲ့သလို ဆရာ၊ ဆရာမများရဲ့ နေရေး ထိုင်ရေးအခက်အခဲများနဲ့လည်း ကြုံတွေ့နေရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ ကျွန်တော့်ရဲ့ ချောင်းဆုံမြို့နယ်အတွင်း လိုအပ် လျက်ရှိသော ကျေးရွာများကို အတတ်နိုင်ဆုံး ကူညီဖြေရှင်းပေးပါက အစစအရာရာ အဆင်ပြေမယ့် အပြင် ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မှာပဲ ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းချင်တာကတော့ ကျွန်တော့်ရဲ့ ချောင်းဆုံမြို့နယ်အတွင်း လိုအပ်လျက် ရှိတဲ့ ကျေးရွာများကို ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဆောက်လုပ်ပေးရန် ၂၀၁၇-၂၀၁၈ တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းအား ချောင်းဆုံမြို့နယ် ပြည်သူများရဲ့ကိုယ်စား ချောင်းဆုံမြို့နယ် ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် လေးစားစွာ မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ လိပ်ချောင်းကျေးရွာအုပ်စု၊ ဒါးကကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ အသစ်တိုးချဲ့ ဖွင့်လှစ်ခွင့်ပြုကြောင်း အကြောင်းကြားစာ ရရှိပြီးဖြစ်သော်လည်း ယနေ့တိုင်ဆောက်လုပ်ခြင်း မရှိသည်မှာ မည်သည့်အတွက်ကြောင့်ဖြစ်ကြောင်း သိရှိလိုခြင်းနှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း က ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ လိပ်ချောင်းကျေးရွာအုပ်စု၊ ဒါးကကျေးရွာတွင် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ အသစ်တိုးချဲ့ ဖွင့်လှစ်ခွင့်ပြုကြောင်း အကြောင်းကြားစာရရှိပြီး ဖြစ်သော်လည်း ယနေ့တိုင်ဆောက်လုပ်ခြင်းမရှိသည်မှာ မည်သည့်အတွက်ကြောင့်ဖြစ်ကြောင်း သိရှိလို ခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ မင်္ဂလာပါ။ ကျွန်တော် ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဆိပ်သာတိုက်နယ်ဟာဆိုလို့ရှိရင် ကျေးရွာအုပ်စု(၁၁)အုပ်စုရှိပါတယ်။ အဲဒါတွေက တော့ ခြင်ဘို့၊ ပဲကြီးကျွန်း၊ လက်ပံလှ၊ ကုလားခပ်၊ သံမှုရာတိုင်း၊ ကြုံတုန်း၊ အိပ်ပျက်၊ ကိုင်းချောင်း၊ ကင်ပွန်းချောင်း၊ လိပ်ချောင်းနဲ့ သက်ကယ်ပြင်ကျေးရွာအုပ်စုတို့ပဲ ဖြစ်ပါတယ်။ ဒီကျေးရွာအုပ်စု (၁၁) အုပ်စုထဲမှာ (၅)အုပ်စုက ရေလမ်းခရီးကို အသုံးပြုနေရတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲတယ်၊ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းတယ်ဆိုပြီးတော့ ဟင်္သာတမြို့ပေါ်ကို မော်တော်နဲ့ (၂)နာရီလောက်

သွားရတဲ့ အနေအထားမှာ အရေးကြီးလူနာတွေဟာ မော်တော်ပေါ်မှာ သေဆုံးတာတို့၊ မော်တော်ပေါ်မှာပဲ ကလေးမီးဖွားတာတို့ဆိုတဲ့ အနေအထားမျိုးတွေရောက်နေတဲ့အတွက် ဆိပ်သာတိုက်နယ်ရဲ့ အဓိကကျတဲ့နေရာမှာ တိုက်နယ်ဆေးရုံ(၁)ရုံ ဆောက်လုပ်ဖို့ဆိုပြီးတော့ ကျွန်တော်တို့ တင်ပြခဲ့ပါတယ်။

အဲဒီမှာ ကျွန်တော်တို့ တိုက်နယ်ဆေးရုံဟာ လိပ်ချောင်းကျေးရွာအတွင်းမှာရှိတဲ့ ဒါးကကျေးရွာမှာ ဆောက်လုပ်ဖို့ ဆိုပြီးတော့ ညှိနှိုင်းတိုင်ပင်ပြီးတော့ တင်ပြခဲ့တာမှာ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၁၉-၂-၂၀၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၆) နဲ့ တိုက်နယ်ဆေးရုံဖွင့်လှစ်ခွင့်ပြုကြောင်း၊ သဘောတူကြောင်းကို ပြန်ကြားလာပါတယ်။ ဒီပြန်ကြားချက်ကိုပဲ ရည်ညွှန်းပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနက ၁၂-၃-၂၀၁၆ ရက်နေ့ စာအမှတ်၊ ၁၂-မက(က)၂၀၁၆/၃၇၄၈ ဖြင့် အကြောင်းပြန်ကြားလာပါတယ်။ သို့သော်လည်းပဲ ယနေ့အချိန်အထိ ဒီတိုက်နယ်ဆေးရုံဟာ ကျွန်တော်တို့ ဆောက်လုပ်ပေးခြင်းမရှိသေးပါဘူး။ အဲဒီ ညွှန်ကြားလာတဲ့အထဲမှာ ကုန်ကျမယ့် အသုံးစရိတ်တွေကို တောင်မှ ငွေစာရင်းခေါင်းစဉ်အမှတ် ၂၁၊ ကျန်းမာရေး(၃) ကုသရေးဦးစီးဌာနအောက်ရှိ သက်ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်မှ ကျခံသုံးစွဲရမယ်။ ဝန်ထမ်းတွေကိုလည်းပဲ အင်အားကို(၁၉)ဦးခန့်ရမယ်။ ရန်ပုံငွေ ရရှိရေးအတွက် ကုသရေးဦးစီးဌာန(ရုံးချုပ်)ကို တင်ပြဆောင်ရွက်ရမယ်ဆိုတဲ့ အချက်တွေပါ ပါဝင်ပြီးတော့ ညွှန်ကြားလာတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ယနေ့အချိန်အထိ ဆောက်လုပ်ပေးခြင်းမရှိသေးတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းလိုတာကတော့ ကျွန်တော်တို့ ဒီ လိပ်ချောင်းကျေးရွာအုပ်စု၊ ဒါးကကျေးရွာမှာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံကို ဆောက်လုပ်ပေးဖို့ အမိန့်ကျပြီးဖြစ်သော်လည်းပဲ ဘာကြောင့် ဆေးရုံဆောက်လုပ်ခြင်းဟာ ကြန့်ကြာနေရတာလဲ။ လာမယ့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးရွာပြည်သူများရဲ့ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် က မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်

အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းဟန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးမှာ ပြည်သူတို့၏ ကျန်းမာရေး အတွက် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ နေထိုင်နိုင်ရန် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အာရောဂျံ ပရမံလာဘံ ကျန်းမာ ခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် ပြည်သူများ ကျန်းမာရေးကောင်းမွန်မှ လာဘ်ကြီးတစ်ပါးဖြစ်သလို နိုင်ငံအတွက်ခွန်အားတစ်ရပ်လည်း ဖြစ်တယ်ဆိုရင်လည်း မှားမည်မထင်ပါ။ ထို့ကြောင့် ပြည်သူများရဲ့ ကျန်းမာရေးကောင်းမွန်ဖို့အတွက် ပြုစုစောင့်ရှောက်ရမည့် တာဝန်သည် ပြည်သူ့အစိုးရရဲ့ တာဝန်ဖြစ်ပါတယ်။ ပြည်သူ့အစိုးရအနေနဲ့လည်း ပြည်သူများရဲ့ ကျန်းမာရေးကို စောင့်ရှောက်မှုပေးရန် ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်တာဝန်ပေးရမှာ ဖြစ်ပါတယ်။ ခန့်အပ်တာဝန် အပေးခံရတဲ့ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ကျန်းမာရေးအတွက် စိတ်ရောကိုယ်ပါ နှစ်၍ လုပ်ဆောင်ပေးရမည့် တာဝန်ရှိပါတယ်။ ထိုကဲ့သို့ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် စိတ်ရော ကိုယ်ပါနှစ်၍ လုပ်ဆောင်ဖို့ရန် ကျန်းမာရေးဝန်ထမ်းများ ဘဝနေထိုင်မှုအနေအထားမှာ အတန်သင့် ပြည့်စုံလုံလောက်မှုရှိရန် လိုအပ်လှပါတယ်။

အထူးသဖြင့် နေစရာအိမ်လေး၊ ဝန်ထမ်းအဆောင်လေးတော့ ရှိသင့်ပါတယ်။ ဒါတွေကို ဖြည့်ဆည်းပေးရမယ့် တာဝန်ကလည်း ပြည်သူ့အစိုးရရဲ့တာဝန်သာဖြစ်ပါတယ်။ မွန်ပြည်နယ်၊ မော်လမြိုင် မြို့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးသည် ၁၉၉၇ ခုနှစ်မှ စတင်တည်ထောင် ဖွင့်လှစ်ခဲ့ပါတယ်။ အဆိုပါရုံးမှ ကျန်းမာရေးဝန်ထမ်းများသည် ရပ်ကွက်(၂၉)ရပ်ကွက်၊ ကျေးရွာ(၁၃)အုပ်စုရှိ ပြည်သူ (၂၄၀၀၀၀)ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနေရပါတယ်။ သို့ပါသော်လည်း တာဝန်ထမ်းဆောင် နေသော ဝန်ထမ်းများနေထိုင်ရန်အတွက် ယခုအချိန်အထိ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ထားခြင်း မရှိခဲ့ပါ။ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်အောက်တွင် အရာထမ်း(၆)ဦးနှင့် အမှုထမ်း(၁၁၆)ဦး တာဝန်ထမ်းဆောင်နေကြပါတယ်။ အဆိုပါ ဝန်ထမ်းများထဲမှ (၇)ဦးသာ ရုံးအတွင်းရှိအဆောင်များ၌ နေထိုင်ကြရပါတယ်။

ထို့ကြောင့် ကျန်ဝန်ထမ်းတစ်ရာကျော်မှ အများစုသည် ပြင်ပနေအိမ်များတွင် ငှားရမ်း နေထိုင်ကြရပြီး အချို့မှာ မိဘအိမ်၊ ဆွေမျိုးအိမ်မှာ နေထိုင်နေကြရပါတယ်။ မော်လမြိုင်မြို့ရှိ အိမ်ငှား ရမ်းခများသည် လွန်စွာမြင့်မား၍ အနိမ့်ဆုံးအိမ်ငှားရမ်းခ လေးသောင်းခန့် ပေးရပါတယ်။ ထို့အပြင် အိမ် အငှားနေထိုင်မည်ဆိုပါက လျှပ်စစ်မီတာခ တစ်လကို (၅၀၀၀)ကျပ်ခန့် အနည်းဆုံး ပေးဆောင်ကြရခြင်း၊ နွေရာသီတွင် ရေရှားပါးသဖြင့် ရေတစ်စည်ကို (၃၀၀)ကျပ်ဖြင့် ဝယ်သုံးရသဖြင့် တစ်လကို (၁၀၀၀၀) ကျပ်ခန့် ကုန်ကျပါတယ်။ ထို့ကြောင့် အိမ်ငှားရမ်းခ၊ မီတာခများ၊ ရေးဖိုး ကုန်ကျစရိတ်များစုပေါင်းရင် တစ်လကို (၅၀၀၀၀)ကျော် ကုန်ကျမည်ဖြစ်ပါတယ်။ အခြေခံဝန်ထမ်းတစ်ဦး၏ လစာမှာ (၁၂၀၀၀၀) ကျပ်သာ ဖြစ်သဖြင့် အိမ်ငှားခ၊ ရေခ၊ မီးခများ နုတ်လိုက်မည်ဆိုပါက တစ်လလစာမှာ (၇၀၀၀၀)မျှသာ ကျန်ရှိပါတော့တယ်။

ထို့ကြောင့်ဝန်ထမ်းများသည် ကျန်ရှိငွေ (၇၀၀၀၀)တည်းဖြင့် စားရေးသောက်ရေးနှင့် သွားရေးလာရေးအတွက် လွန်စွာမှ ချွေတာသုံးစွဲနေရပါတယ်။ ထို့ကြောင့်ဝန်ထမ်းများ ကုန်ကျစရိတ် သက်သာစေရန်နှင့် နေထိုင်စားသောက်မှု အဆင်ပြေစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးမှာ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများနေထိုင်နိုင်ရန် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ အရာထမ်း၊ အမှုထမ်းများအတွက် အိမ်ရာများဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်က မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ အရာထမ်း၊ အမှုထမ်းများအတွက် အိမ်ရာများဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ပုဂံ၊ ညောင်ဦး၊ ကျောက်ပန်တောင်း ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မန္တလေးတိုင်းဒေသကြီး၊ ပုဂံ၊ ညောင်ဦးမြို့ ခုတင်(၂၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး၏ အရာထမ်း၊ အမှုထမ်း နေအိမ်များဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် သိရှိလိုခြင်း မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၈ (က) မှာ နိုင်ငံတော်သည် ပြည်သူများ၏ ကျန်းမာရေးနှင့် ပညာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်ဟု ပါရှိပါတယ်။ သက္ကရာဇ် ၂၀၃၀ တွင် မြန်မာနိုင်ငံ၌ လူတိုင်း လက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မူဝါဒချမှတ်ထားရာ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစနစ်တစ်ရပ်ကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ ကျန်းမာရေးအတွက် နိုင်ငံတော်၏ ဝန်ဆောင်မှု မဟုတ်ဘဲ ပြည်သူကိုယ်တိုင် အိတ်စိုက်အသုံးပြုစရိတ်မှာ အိမ်နီးချင်းနိုင်ငံများထက် ပိုမိုများပြားနေပါသေးတယ်။ ပြည်သူတို့ရဲ့ကျန်းမာရေးစရိတ်၊ အိတ်စိုက်အသုံးပြုရမှုသည် မြန်မာနိုင်ငံက (၅၀.၇) ရာခိုင်နှုန်း၊ လာအိုနိုင်ငံက (၃၉) ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံက (၇.၉) ရာခိုင်နှုန်းရှိသည်ဟု ကမ္ဘာ့ဘဏ် စစ်တမ်းများအရ သိရှိ

ရပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုများအား ဆင်းရဲချမ်းသာမရွေး ကျေးလက်ဒေသအထိ ပြည်သူလူထုအားလုံး လွှမ်းခြုံနိုင်ရန် ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ ရောဂါရှာဖွေကုသရေးနှင့် ကျန်းမာမှုပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်ဟူသော ရည်မှန်းချက်များ၊ ကျန်းမာရေးစနစ် အဆင့်ဆင့်အလိုက် ကျွမ်းကျင်ဝန်ထမ်း၊ လူအင်အားကို လိုအပ်ချက်နှင့်အညီ မွေးထုတ်ဖြည့်တင်းပေးမည်။ ကျန်းမာရေးစနစ်တွင် အခြေခံအဆောက်အဦ လိုအပ်ချက်များ ဖြည့်ဆည်းပေးမည်။

အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆောင်ရွက်မည်ဟူသော လုပ်ငန်းစဥ်များတို့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရည်မှန်းချက်များ၊ လုပ်ငန်းစဥ်များဖြစ်ကြပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ဦးခရိုင်၊ ပြည်သူ့ဆေးရုံကြီးသည် ခရိုင်အတွင်း ပုဂံ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ငါးသရောက်မြို့နယ်အတွင်းရှိ လူပေါင်း (၅၃၆၅၆၁)ဦးတို့အပြင် ချောက်၊ ဆိပ်ဖြူ၊ ဆင်ဖြူကျွန်း၊ စလေ၊ မြစ်ခြေ စတဲ့ဒေသများမှ ပြည်သူများကိုလည်း ကျန်းမာရေးပြုစုစောင့်ရှောက်ပေးလျက်ရှိပါတယ်။ ၂၀၁၆ တစ်နှစ်တည်းမှာတင် ပြင်ပလူနာပေါင်း (၁၀၉၆၉)ဦး၊ အတွင်းလူနာပေါင်း(၁၂၀၉၆)ဦး၊ စုစုပေါင်း(၂၃၀၆၅)ဦးကို ကျန်းမာရေးဝန်ဆောင်မှုပေးခဲ့ပါတယ်။ ကလေးသူငယ်ပေါင်း (၁၇၇၆) ယောက်ကို မွေးဖွားပေးနိုင်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်တွင် ယခင်ဆေးရုံဟောင်းမှ ယခုဆေးရုံသစ်နေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါတယ်။ ခုတင်(၁၀၀)ဆံ့ စံကိုက်ဆေးရုံအဖြစ် ၂၀၁၅ မတ်လ ၁၅ ရက်တွင်လည်းကောင်း၊ ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ်သို့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်တွင် လည်းကောင်း တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ပါတယ်။

ဝန်ထမ်းဖွဲ့စည်းပုံခွင့်ပြုအင်အားမှာ အရာထမ်း(၁၂၆)ဦး၊ အမှုထမ်း(၅၂၇)ဦး ခွင့်ပြုခဲ့ပါတယ်။ ယခုခန့်ထားပြီးအင်အားမှာ အရာထမ်း(၄၁)ဦး၊ အမှုထမ်း(၁၈၀)ဦးဖြစ်ပါတယ်။ ဝန်ထမ်းအင်အားလုံလောက်မှုမရှိပါသဖြင့် ဝန်ထမ်းများ နေရေး၊ ထိုင်ရေး အခက်အခဲများ ကြုံတွေ့နေရပါတယ်။ ပုဂံ၊ ညောင်ဦးမြို့၏ အဓိကစီးပွားရေးလုပ်ငန်းသည် နိုင်ငံခြားခရီးသွားနှင့် ဆက်နွယ်သော စီးပွားရေးလုပ်ငန်းဖြစ်၍ နေထိုင်ငှားရမ်းစရိတ် ကြီးမြင့်ပါသည်။ ဆေးရုံ၏ အနီးဝန်းကျင်မှာလည်း ငှားရမ်းနေထိုင်စရာ နေရာမရှိပါ။ ဆေးရုံ၏ပြင်ပငှားရမ်းနေထိုင်ရသော အရာထမ်း၊ အမှုထမ်းစုစုပေါင်း (၆၃)ဦး ရှိပါတယ်။ စရိတ်ကြီးမြင့်ခြင်း၊ ခရီးအလှမ်းကွာဝေးခြင်းဖြင့် အဆင်မပြေ အထူးဖြစ်နေရပါတယ်။ ၎င်းအရာထမ်း၊ အမှုထမ်းများ ပြည်သူတို့ရဲ့ကျန်းမာရေးကို ကိုယ်ရောစိတ်ပါ အပြည့်အဝထမ်းဆောင်နိုင်ရန် နေမှုထိုင်မှုအစုစု အဆင်ပြေမှု အထူးလိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီး၏ ကျန်းမာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဥ်ရှိ/မရှိ ပြည်သူတို့ရဲ့ကျန်းမာရေးကို ပြုစုစောင့်ရှောက်ပေးလျက်ရှိကြသော ဝန်ထမ်းများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တလေးတစားမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနှင့် ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံးကို မင်္ဂလာပါဟု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနဲ့ အားကစား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ကယားပြည်နယ် အမှတ်(၅)မှမဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရှားမူ ၏ မေးခွန်းဖြစ်သော ကယား ပြည်နယ်၊ ဖရူဆိုမြို့နယ်တွင် နှစ်ထပ်လူနာဆောင် လိုအပ်လျက်ရှိပါသဖြင့် ဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိနဲ့ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်။ ကယားပြည်နယ်၊ ဖရူဆိုမြို့မှာဆိုရင် လူဦးရေ (၃၀၀၀၀) နီးပါးရှိပြီး (၂၅)ခုတင်ဆံ့မြို့နယ် ဆေးရုံ(၁)ရုံ၊ (၁၆)ခုတင်ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံ ရှိပြီးတော့ ဆရာဝန်(၅)ဦး၊ သူနာပြု(၁၂)ဦး အခြားဝန်ထမ်း(၃၅)ဦး၊ စုစုပေါင်း(၅၂)ဖြင့် လုပ်ငန်းများဆောင်ရွက် လျက်ရှိပါတယ်။

ကျွန်တော်တို့အနေနဲ့ ဖရူဆိုမြို့နယ်ဆေးရုံတွင် ဆေးရုံအညွှန်းကိန်းများကို ပထမဆုံးလေ့လာ ကြည့်တဲ့အခါမှာ ပြည်နယ်ဦးစီးမှူး၏ (၁၇)ရက်၊ ဖေဖော်ဝါရီလ ၂၀၁၇ ခုနှစ် စာရင်းဇယားများအရ ၂၀၁၆ ခုနှစ်တွင် တစ်နေ့ပျမ်းမျှအတွင်းလူနာ (၁၁)ဦးပဲရှိပါတယ်။ ပျမ်းမျှလူနာ ပြင်ပလူနာ (၂၀)ဦး ရှိပါတယ်။ ခုတင် အသုံးပြုမှု ရာခိုင်နှုန်းအားဖြင့် (၄၃)ရာခိုင်နှုန်းရှိပါတယ်။ လက်ရှိ ဆေးရုံပျမ်းမျှ အတွင်းလူနာ လူဦးရေမှာလည်း ဇန်နဝါရီ ၂၀၁၇ မှာ (၁၀)ဦးခန့်သာရှိပြီး၊ ခုတင်အသုံးပြုမှုနှုန်းမှာ (၃၈)ရာခိုင်နှုန်းရှိပါတယ်။ သို့သော်လည်း ကျွန်တော်ဒီမှာ ပြန်ကြည့်လိုက်တဲ့အခါမှာတော့ ဒီဖရူဆိုမြို့နယ် ဟာ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလကစပြီး(၁၆)ခုတင်ကနေ (၂၅)ခုတင်အထိ တိုးလိုက်တယ်လို့ပြောပါတယ်။ အမှန်အတိုင်းပြောရမယ်ဆိုလို့ရှိရင်တော့ ဒီလူနာပုံစံလာတဲ့အနေအထားဆိုရင် တိုးစရာတောင်မလိုပါဘူး ခင်ဗျား။ သို့သော်လည်း ကျွန်တော်တို့က တိုးပြီးပြီဖြစ်တဲ့အတွက် (၂၅)ခုတင် အခြေအနေဖြစ်သွားတဲ့ အတွက် ဒီ(၂၅)ခုတင်နဲ့တော့ ကိုက်အောင် ကျွန်တော်တို့ကတော့ လုပ်ဆောင်ပေးဖို့ တာဝန်ရှိပါတယ်။

လူနာများတာ မများတာ (၂၅)ခုတင်ကို သတ်မှတ်အပြီးမှာ (၂၅)ခုတင်ရဲ့ စံကိုက် အဆောက် အဦကို လုပ်ရမယ်ဖြစ်တဲ့အတွက် ကျွန်တော်တို့တော့ ဒါကိုတော့ပေးဖို့ ကျွန်တော်တို့အစီအစဉ်ရှိပါတယ်။ သို့သော်လည်း တစ်ထပ်ဆောင်ပေးမလား။ နှစ်ထပ်ဆောင်ပေးမလား ဆိုတာကိုတော့ ကျွန်တော်တို့ ပြည်နယ်ဦးစီးမှူးနဲ့ ကျွန်တော်တို့ အင်ဂျင်နီယာကို ပြန်လွှတ်ပါမယ်။ လွှတ်ပြီးတော့ လေ့လာပြီးတော့မှ ကျွန်တော်တို့ လုပ်ပါမယ်။ တကယ့်တကယ် ဖရူဆိုမြို့နယ်ရဲ့ စာရင်းဇယားအတိအကျ အကုန်ရှိပါတယ်။ ဒီTrend ပေါ့၊ လုံးဝအလွန့်အလွန် နည်းပါတယ်။ တစ်နေ့ပျမ်းမျှ။ နည်းတယ်ဆိုတာ ကျွန်တော်တို့က ဆရာဝန်မရှိလို့လား၊ ဆရာဝန် ကုသမှုက မကောင်းလို့လားဆိုတာ ပြန်လေ့လာတဲ့အခါမှာတော့ ဆရာဝန်

လည်း လုံလုံလောက်လောက် ရှိပါတယ်။ အားလုံး မြို့နယ်ဆရာဝန်တစ်ဦးရှိရမှာ တစ်ဦးရှိပါတယ်။ လက်ထောက်ဆရာဝန်လေးဦးမှာ နှစ်ဦးရှိပါတယ်။ သူနာပြုဆရာမမှာလည်း တော်တော်လုံလောက်ပါတယ်။ ကျွန်တော်တို့က ဒီမှာ တစ်ချက်ပြန်စဉ်းစားကြည့်တဲ့အခါမှာတော့ ဘာကြောင့်မလာလဲဆိုတာကို ကျွန်တော်တို့ သေချာလုပ်ဖို့ လိုပါတယ် ဒီဆေးရုံကို။ ဒီလောက်ဆရာဝန်လည်းရှိတယ်ဆိုတော့ ဒါတွေကတော့ ကျွန်တော်တို့ ဆက်ပြီးလေ့လာမှာပါ။

သို့သော်လည်း ဒီနေရာမှာတော့ ကျွန်တော့်အနေနဲ့ ရှင်းရှင်းတင်ပြချင်တာကတော့ ဒါကို လုပ်ရမယ့် တာဝန်ရှိပါတယ်။ ဒါကြောင့် ကျွန်တော် ၂၀၁၈-၂၀၁၉ မှာတော့ ကျွန်တော်ထည့်ပြီးတော့ ဒါကို ပေးပါမယ်။ တစ်ထပ် သို့မဟုတ် နှစ်ထပ်ကတော့ အင်ဂျင်နီယာနဲ့ ပြည်နယ်ဦးစီးမှူး သွားရောက်ပြီးတော့ ကြည့်ရှုပြီးကျွန်တော်ပေးပါမယ်။ အချုပ်အားဖြင့်ဆိုရင်တော့ ကျွန်တော်ပေးမယ်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

ကျွန်တော် ဒုတိယမေးခွန်းကို ဆက်လက်ဖြေပါမယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် အမှတ်(၆) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျင့်ခန့်ပေါင် ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ မွာလ်ဘင်းရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်အဆင့် တိုးမြှင့်ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနဲ့ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်မှာ လူဦးရေ(၉၃၂၄၉)ဦး နေထိုင်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအားဖြင့် ခုတင်(၁၀၀)ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ ထုတ်လှိုင်တိုက်နယ်ဆေးရုံ၊ လိုင်တွီးတိုက်နယ်ဆေးရုံနှင့် ထွီးထန်တိုက်နယ်ဆေးရုံ၊ စုစုပေါင်းဆေးရုံ(၄)ရုံ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၁၅)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၇၁)ခု ဖွင့်လှစ်ထားရှိပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပါတယ်။

ဝန်ထမ်းအားဖြင့်ဆိုရင်တော့ ဆရာဝန်(၁၁)ဦး၊ သူနာပြု(၉၅)ဦး၊ ကျွမ်းကျင်ဝန်ထမ်း(၂၀)ဦး၊ ကျန်းမာရေးမှူး(၉)ဦး၊ မြို့နယ်သူနာပြုဆရာမကြီး(၁)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ(၁၁)ဦး၊ သားဖွားဆရာမ(၇၂)ဦး၊ ကျန်းမာရေးကြီးကြပ်(၇၆)ဦးတို့က ကျန်းမာရေးစောင့်ရှောက်မှုများကို ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ ဒီ မွာလ်ဘင်းကျေးလက်ကျန်းမာရေး ဌာနပိုင်နယ်မြေတွင် ကျေးရွာပေါင်း(၁၁)ရွာ၊ အိမ်ခြေ(၇၇၂)အိမ်နှင့် လူဦးရေ(၄၅၁၅)ဦး ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ လေ့လာတဲ့အခါမှာ အနီးဆုံးမှာရှိတဲ့ကျေးလက်ကျန်းမာရေးဌာနဖြစ်တဲ့ ထုတ်လှိုင်တိုက်နယ်ဆေးရုံနှင့် (၉)မိုင်ဝေးတာကို တွေ့ရပါတယ်။ မိုးရာသီမှာ (၃)နာရီ၊ ဆောင်း၊ နွေရာသီမှာ တစ်နာရီခွဲ၊ တီးတိန်မြို့နယ် ပြည်သူ့ဆေးရုံနှင့် (၁၈)မိုင်၊ မိုးရာသီတွင်(၆)နာရီ၊ နွေရာသီတွင်(၂)နာရီ၊ ကလေးမြို့ ပြည်သူ့ဆေးရုံကြီးနှင့် မိုင်(၄၀)၊ မိုးရာသီတွင်(၁၁)နာရီ၊ ဆောင်းနွေရာသီတွင်(၄)နာရီ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေမှာတော့ ဒိုင်နာ/ဂျစ်ကားတို့နဲ့ ဆယ့်နှစ်ရာသီပတ်လုံးတော့ သွားလို့ရတယ်။

အဲဒီတော့ ဒီမှာကျွန်တော်တို့ ပြန်ကြည့်လိုက်တဲ့အခါမှာ ဒီ မွာလ်ဘင်းကျေးလက် ကျန်းမာရေးဌာနရဲ့ လူနာတွေပြန်ကြည့်တဲ့အခါမှာ ၂၀၁၄ ခုနှစ်မှာ အထွေထွေဆေးခန်းကို လာပြသူလူနာ (၂၉၉၄)ဦး

ရှိပြီးတော့ အထက်ကိုပြန်ပြီးတော့ Refer လုပ်တဲ့ လွှဲပြောင်းတဲ့လူနာ (၁၅)ဦးသာ ရှိပါတယ်။ ၂၀၁၅ ခုနှစ်မှာလည်း ကြည့်လိုက်တဲ့အခါမှာ လူနာနည်းနည်း နည်းသွားပါတယ်။ အထွေထွေဆေးခန်းကို လာပြသူမှာ (၈၄၂)ဦးပဲ ရှိပြီးတော့ အထက်အဆင့်ကိုလွှဲတဲ့လူနာက (၁၄)ဦး ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် စာရင်းဇယားအရ ဆိုလို့ရှိရင်တော့ အထွေထွေဆေးခန်းလူနာဦးရေမှာ (၁၈၆၂)ဦးရှိပြီးတော့ အထက်အဆင့်ကို လွှဲပြောင်းတဲ့လူနာက(၁၆)ဦးရှိပြီး သုံးနှစ်စာပျမ်းမျှခြင်းအားဖြင့် ဒီကျေးလက်ကျန်းမာရေးဌာနကို ကြည့်လိုက်တဲ့အခါမှာ (၁၉၁၄)ဦးသာရှိပြီး ကျေးလက်ကျန်းမာရေးဌာနရဲ့ အသုံးပြုမှုနှုန်းကတော့ နည်းပါးလာပြီးတော့ နှစ်အလိုက် တိုးတက်လာခြင်းမရှိကြောင်းတော့ တွေ့ရပါတယ်။

နောက်တစ်ခု သူနဲ့အနီးဆုံးဖြစ်တဲ့ ထုတ်လှိုင်တိုက်နယ်ဆေးရုံမှာ ၂၀၁၄ ခုနှစ်မှာ ကျွန်တော်တို့ ကြည့်လိုက်တဲ့အခါမှာ လူနာပေါင်းက (၁၁၈၀)ဦး၊ အတွင်းလူနာမရှိပါဘူး။ ၂၀၁၅ ခုနှစ်မှာ ပြင်ပလူနာ (၁၉၇၇)ဦး၊ အတွင်းလူနာက (၄)ဦးပဲ ရှိပါတယ်။ ၂၀၁၆ ခုနှစ်စာရင်းဇယားအရဆိုရင် ပြင်ပလူနာ (၁၁၄၇) ဦးရှိပြီး အတွင်းလူနာပေါင်း မရှိပါဘူးခင်ဗျား။ ဆေးရုံ ခုတင်အသုံးပြုမှုမှာ အလွန်နည်းပါးတယ်။ သူ့ကျေးလက်ကျန်းမာရေးဌာနနှင့် နီးစပ်တဲ့ တိုက်နယ်ဆေးရုံမှာလည်း တိုက်နယ်ဆေးရုံသုံးတဲ့ လူနာနည်းတာဖြစ်တဲ့အတွက် ဒီကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်အဆင့် တိုးမြှင့်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော့်တို့ Cost Effective သိပ်ပြီးတော့မရှိပါဘူး။ သို့သော်လည်း ကျွန်တော်တို့အနေနဲ့ ဒီလိုပြောတာနဲ့ မပေးဘူးတော့ ကျွန်တော်မဆိုလိုပါဘူး။ ကျွန်တော်တို့က ဒီကိစ္စမှာကျွန်တော်တို့ဗဟိုကနေ စာရင်းဇယားအပေါ် လေ့လာသုံးသပ်တယ်။ သို့သော် အခြေအနေအမှန်သိအောင် ပြည်နယ်ဦးစီးမှူးကို ကျွန်တော်ဖုန်းဆက်ပြီးတော့ ဒီဒေသမှာရှိတဲ့ ကျွန်တော်တို့ကျန်းမာရေးဌာနရဲ့ အခြေအနေ၊ ပြည်သူ့ကျန်းမာရေး ကြီးကြပ် (၁)၊ (၂)တို့ရဲ့ လုပ်ကိုင်မှု အခြေအနေ၊ သူ့ရဲ့ Quality ဆောင်ရွက်မှုအခြေအနေ ကောင်းလား မကောင်းလားဆိုတာ ကျွန်တော်တို့ လေ့လာပါမယ်။

အကယ်၍ သူတို့မကောင်းလို့ လူနာမလာတာလားဆိုတာ ကျွန်တော်တို့ အသေးစိတ် လေ့လာပါမယ်။ ကျွန်တော်တို့က ဒီတိုးမယ်ဆိုလို့ရှိရင် သေသေချာချာ အဖက်ဖက်က ကျွန်တော်တို့ စဉ်းစားပြီးမှ ကျွန်တော်တို့ တိုးသင့်မတိုးသင့် စဉ်းစားတယ်။ ဘာ့ကြောင့်လဲဆိုတော့ မတိုးသင့်ဘဲနှင့် သွားပြီးတိုးလို့ရှိရင် ကျွန်တော်တို့က ငွေကုန်ရကျိုးမနပ်ပါဘူး။ ကျွန်တော်တို့နိုင်ငံက ချမ်းသာတဲ့ နိုင်ငံမဟုတ်တဲ့အတွက် တကယ်တိုးဖို့လိုလျှင်ကျွန်တော်တို့လုံးဝ ဦးလည်မသုန်တိုးမြှင့်မယ်ဆို ကျွန်တော်တို့ တိုးပါ့မယ်။ ထို့အပြင် ကျွန်တော် ပြီးခဲ့တဲ့ တစ်ရက်နှစ်ရက်ကပဲ ချင်းပြည်နယ်က နိုင်ငံတော်သမ္မတကြီးနဲ့ ပြန်ရောက်လာပါတယ်။ ကျွန်တော်လည်း နားတော့နားလည်ပါတယ်။ ချင်းပြည်နယ်မှာ အလွန့်အလွန် သွားလာရေးခက်ခဲတယ်ဆိုတာ နားလည်တယ်။ ထို့အပြင် ကျွန်တော်တို့ ဘာသွားတွေ့လဲဆိုတော့ ချင်းပြည်နယ် ဒီ အစာအိမ်ရောင်တဲ့ဟာတွေ၊ အစာအိမ်နှင့်ပတ်သက်တဲ့ ဒီအသည်းကင်ဆာတွေများတာ တွေ့ရတဲ့အတွက် ကျွန်တော်တို့ သုတေသန အမြန်ဆုံးလုပ်ပြီးတော့ ဒါပြည်သူ့ကျန်းမာရေးကို ပညာပေးတွေ ကျွန်တော်တို့ အများကြီးလုပ်ဖို့ လိုပါတယ်။

ဒါကိုပညာပေးလို့ရှိရင် ဆေးရုံလာတဲ့ လူနာအများကြီးနည်းသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လုံးဝလုပ်မှာပါ။ မကြာခင်အတွင်းကိုလုပ်မှာ၊ ဟိုမှာလည်း လုပ်မယ်ဆိုတာ ပြောခဲ့ပါတယ်။ လောလောဆယ်အနေအထားအရ ကျွန်တော်တို့ ပေးဖို့မရှိပါဘူး။ သို့သော် သွားရောက်လေ့လာ၍

ပြည်နယ်ဦးစီးမှူးနှင့် ကျွန်တော်တို့ သွားရောက်လေ့လာ တကယ်လိုမယ်ဆိုရင် ကျွန်တော်တို့ ဒါကိုပေးဖို့ လုံးဝဝန်မလေးပါဘူး။ ဒီနေရာမှာ ခုန အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ၂၀၁၆ ခုနှစ်၊ ဇူလိုင်မှာ ရောဂါတော်တော် အကြီးအကျယ်ဖြစ်တယ်လို့ ပြောပါတယ်။ ဩဂုတ် ၂၀၁၆ ခုနှစ်မှာ ကျွန်တော်တို့ ဒီကအဖွဲ့တွေသွားပြီးကြည့်တဲ့အခါမှာတော့ ကျွန်တော် Rapid Diagnostic Test ပေါ့လေ။ ချက်ချင်း မိနစ်အတွင်း သိတဲ့ဟာနဲ့ ကြည့်တဲ့အခါမှာ သွေးလွန်တုတ်ကွေးလည်း မဟုတ်ပါဘူး။ ငှက်ဖျားလည်း မဟုတ်ပါဘူး။ Influenza AB,$H_1$,$N_1$ ဒါတွေလည်းလုံးဝမဟုတ်ပါဘူး။ အဲဒီတော့ သွေးရေကြည်ကို ကျွန်တော်တို့ စစ်တယ်။ နှာခေါင်းထဲမှာရှိတဲ့ အရည်ကြည်ကို စစ်တဲ့အခါမှာလည်း ဘာပိုးမှမတွေ့ပါဘူး။

အဲဒီတော့ အဓိပ္ပာယ်ကတော့ ဘာလဲဆိုတော့ ဒါရိုးရိုးသာမာန် အအေးမိနှာစေး၊ ဖျားနာမှု Common Cold ပဲဖြစ်တယ်။ ဘာကြောင့် ဒီလို Common Cold မှာ များရလဲဆိုတာ ကျွန်တော်တို့ ပြည်သူတွေမှာ ကျန်းမာရေးပညာ (Health Literacy) နည်းနေပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီဒေသမှာ ကျန်းမာရေးပညာနှင့် ပတ်သက်ပြီးတော့ မြှင့်ဖို့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်နေပြီဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်ဒီမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများကို တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ လောလောဆယ်ကတော့ ဒါကို ပေးဖို့မရှိသေးပါဘူး။ သို့သော် ကျွန်တော်တို့ ပြန်လေ့လာပြီးမှာ နောက်ဆုံးအဖြေကို ကျွန်တော်မေးခွန်းမေးတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးထံ ကျွန်တော် အကြောင်းကြားပေးပါမယ်။ ကျေးဇူးတင်ပါတယ်။ ကျွန်တော် နောက်ထပ်ဆက်လက် ဖြေပါမယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမွန်ပြည်နယ်၊ အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး ၏ မေးခွန်းဖြစ်တဲ့ ချောင်းဆုံမြို့နယ်အတွင်းရှိ တော်ကနာ၊ ဒေါင်းဥ၊ ကုလားတို့၊ တောင်စွန်း၊ ကွမ်လှာ၊ အဘစ်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့်ပတ်သက်၍ ကျွန်တော်ဖြေကြားမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တစ်ခုတင်ပြချင်တာကတော့ ဒီလိုအဆောက်အဦပေးတာကိစ္စ၊ ကျေးလက်ကျန်းမာရေးဌာန ရှိ/မရှိကိစ္စကတော့ ကျွန်တော်တို့က အချက်ပေါင်း (၁၁)ချက်နဲ့ စဉ်းစားပြီးမှ ပေးခြင်းဖြစ်ပါတယ်။ ဥပမာ ဒေသခံပြည်သူများရဲ့ တောင်းဆိုမှု၊ မြေပိုင်ဆိုင်မှု ရှိ/မရှိ၊ လုံခြုံမှု ရှိ/မရှိ၊ ဒီတောင်းတဲ့နေရာမှာ ဗဟိုအချက်အချာ ရှိ/မရှိ၊ လူဦးရေ ဘယ်လောက်များသလဲ၊ လူဦးရေသိပ်သည်းမှု ဘယ်လောက်ရှိ/မရှိ၊ လူဦးရေက အနည်းဆုံး (၃၀၀၀)ကနေ (၅၀၀၀)ရှိရမယ်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဆိုရင်။ ခရီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု ရှိ/မရှိ၊ စီးပွားရေးဖွံ့ဖြိုးမှု ရှိ/မရှိ၊ နောက် ဒီလို ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခုဆောက်ပြီးရင် နောက်ပိုင်းအဲဒီမှာ လူနေများလာတယ်ဆိုရင် ကျွန်တော် အဲဒါကို ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အဆင့်ကို ကျွန်တော်တို့တင်ပါတယ်။ တင်ပြီး ဒီအဆင့်ကနေ Station Hospital ပေါ့၊ တိုက်နယ်အထိ ကျွန်တော်တို့တင်ပါတယ်။ ဒီဟာတွေ အကုန်လုံးကြည့်ပြီးမှ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

ဒီမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမေးတဲ့ အားလုံး(၆)နေရာမှာ ကျွန်တော်တို့က ပထမ(၃)ခုဖြစ်တဲ့ တော်ကနာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) သူက မုဒ္ဒန်းကျေးလက်ကျန်းမာရေးဌာန အပိုင်မှာဖြစ်ပါတယ်။ ဒေါင်းဥကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ နောက် ကုလားတို့ကျေးလက်ကျန်းမာရေး ဌာန(ခွဲ)၊ ဒီ(၃)ခုကတော့ ကျွန်တော်တို့ ပြည်နယ်ဦးစီးမှူးနဲ့ ညှိလိုက်တဲ့အခါမှာ ကျွန်တော်တို့ (၃)ခုစလုံးမှာ မြေပိုင်ဆိုင်မှုလည်း ရှိတဲ့အတွက် ကျွန်တော်တို့က ၂၀၁၇-၂၀၁၈ ခုနှစ်မှာလည်း ပိုက်ဆံ တောင်းထားပြီး ဖြစ်ပါတယ်။ အဲဒီတော့ ဒီ(၃)ခုကိုတော့ ကျွန်တော်တို့က အဆောက်အဦ လုံးဝဆောက်ပေးပါမယ်။ သို့သော် နောက်ကျန်တဲ့ (၃)ခုကိုလည်း ကျွန်တော်တို့ ကြည့်တဲ့အခါမှာ သူတို့မှာ မြေပိုင်ဆိုင်မှုလည်း ရှိတယ်။ လူအင်အားလည်း ခန့်ထားပြီးပါပြီ။ ပထမ(၃)ခုမှာလည်း လူအင်အားခန့်ထားပြီးပါပြီ။ အခု ကျန်တဲ့ နောက်ဆုံး(၃)ခုဖြစ်တဲ့ တောင်စွန်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ ကွမ်လှာ ကျေးလက် ကျန်းမာရေးဌာန(ခွဲ)၊ အဘစ်ကျေးလက်ကျန်းမာရေးဌာန(ခွဲ)မှာလည်း ကျွန်တော်တို့ သူနာပြု(၁)ဦးနှင့် ကြီးကြပ်(၁)ဦး၊ ကြီးကြပ်-၂ (၁)ဦးစီ ခန့်ထားပြီး ဖြစ်တဲ့အတွက် ဒီဟာကို တည်ဆောက်ဖို့ အတွက်ကတော့ စံကိုက်အဆောက်အဦ ဆောက်ဖို့အတွက် ၂၀၁၈-၂၀၁၉ မှာ တင်ပါမယ်။ ဆိုလိုတာကတော့ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ (၃)ခုကို ပေးပါမယ်။ ပိုက်ဆံလည်း အခုတင်ထားပါတယ်။ ရဖို့များပါတယ်။ နောက် ကျန်တဲ့ (၃)ခုကိုတော့ ၂၀၁၈-၂၀၁၉ မှာ ကျွန်တော်တို့ တင်ပြီးတော့ လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထိန်ဝင်း ၏ မေးခွန်းဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ လိပ်ချောင်း ကျေးရွာအုပ်စု၊ ဒါးကကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်ခွင့်ပြုကြောင်း အကြောင်းကြားစာရပြီဖြစ်သော်လည်း ယနေ့တိုင် ဆောက်လုပ်ခြင်းမရှိသည်မှာ မည်သည့်အတွက် ကြောင့်ဖြစ်ကြောင်း သိရှိလိုခြင်းကိစ္စနှင့် ပတ်သက်၍ ကျွန်တော်တို့ ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ လိပ်ချောင်း ကျေးရွာအုပ်စု၊ ဒါးကကျေးရွာမှာ တိုက်နယ်ဆေးရုံဖွင့်ဖို့အတွက် ယခင်ကျန်းမာရေးဝန်ကြီး ဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၅)၏ သဘောတူဆုံးဖြတ်ချက်အရ တင်ပြခဲ့ပါ တယ်။ တင်ပြတဲ့အခါမှာ ဒီ ဧရာဝတီတိုင်းမှာ (၁၆) ခုတင်ဆံ့ ဆေးရုံအသစ်တိုးခွင့်ပြုကြောင်း အကြောင်း ကြားစာ ရပြီဖြစ်သော်လည်း ဆောက်လုပ်ခြင်းမရှိတဲ့အကြောင်းကတော့ ဒီလိုဖြစ်ပါတယ်။ ကျွန်တော်တို့ ကုသရေးဦးစီးဌာနရဲ့ ၂၀၁၇-၂၀၁၈ ဘတ်ဂျက် အရအသုံးခန့်မှန်းခြေငွေစာရင်း စတင်ရေးဆွဲရာ လုပ်ငန်း သစ်စုစုပေါင်း လုပ်ဖို့အတွက်ကို (၁၇၅.၆) ဘီလီယံ ရခဲ့ပါတယ်။ သို့ရာတွင် ဆောက်လုပ်ရေးလုပ်ငန်း အတွက် ရတဲ့ဘဏ္ဍာငွေမှာ (၁၀၀) ဘီလီယံသာ ကျွန်တော်တို့ ရရှိတဲ့အတွက်ကြောင့် ဆောက်လုပ်ဆဲ လုပ်ငန်းနှင့် ဖြည့်စွက်လုပ်ငန်းကို ကျွန်တော်တို့ ဦးစားပေးရတဲ့အတွက် ဆောက်လုပ်ဆဲလုပ်ငန်းအတွက် (၅၄) ဘီလီယံနှင့် ဖြည့်စွက်လုပ်ငန်းကို (၁.၇) ဘီလီယံ ကျွန်တော်တို့ ဖယ်ထားလိုက်ပါတယ်။

သို့ဖြစ်၍ လုပ်ငန်းသစ်လုပ်ဖို့အတွက်ကတော့ (၄၅) ဘီလီယံ ရန်ပုံငွေ ရရှိပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းသစ်အတွက် ရရှိတဲ့ (၄၅) ဘီလီယံမှာ လုပ်ငန်းသစ်များ၊ နောက် ခရီးစဉ်လမ်းညွှန်ချက်များ ဖြစ်တဲ့ လုပ်ငန်း(၁၂၄)ခုအတွက်ကို (၂၄)ဘီလီယံ ဖယ်ထားလိုက်ပါတယ်။ ကျွန်တော်တို့ နောက်ဆုံး

ကျန်တာက (၂၀)ဘီလီယံ ကျန်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဦးစားပေး ဆောင်ရွက်ရန်လိုအပ်တဲ့ လုပ်ငန်းသစ်ပေါင်း (၁၁၀)ခုကို သုံးဖို့ကို (၂၀) ဘီလီယံ ရှိပါတယ်။ အဲဒီတော့ လုပ်ငန်းသစ်ဆောင်ရွက်ရန် ရရှိသောရန်ပုံငွေခွဲတမ်းကို ကျွန်တော်တို့တွက်တဲ့အခါမှာ ကျွန်တော်တို့ တောင်းဆိုတဲ့ငွေရဲ့ (၁၂)ရာခိုင်နှုန်းပဲ ရပါတယ်။ ဆိုလိုတာက (၁၀၀)တောင်းမယ်ဆိုလို့ရှိရင် ကျွန်တော်တို့က (၉)ခုလောက်ပဲ ကျွန်တော်တို့က (၁၂)ခုလောက်ပဲ ရပါတယ်။ အဲဒီတော့ အကုန်လုံးမရနိုင်ပါဘူး။ လုပ်ငန်းဆောင်ရွက်ဖို့ရာ၊ အဲဒီတော့ ဒီမှာပြန်ကြည့်တဲ့အခါမှာ တကယ့်တကယ်ကျွန်တော်တို့က (၄၇) ဘီလီယံသာရမယ်ဆိုရင်တော့ ကျွန်တော်တို့ အကုန်လုံးရမှာဖြစ်ပါတယ်။ ဒါပေမယ့် ပေးတဲ့အခါမှာ ကျွန်တော်တို့က ဦးစားပေးအစီအစဉ်နှင့် လုပ်ရပါတယ်ခင်ဗျား။ အရင်တောင်းထားတဲ့ အရင်သဘောတူတာကို အရင်စစပြီး ပေးပြီးတော့ ဒီဥစ္စာကပေးတဲ့ဟာ နောက်ကျတဲ့အတွက် သူကနောက်ကို ရောက်သွားပါတယ်ခင်ဗျား။ အဲဒီလို ဦးစားပေးအစီအစဉ်နဲ့ လုပ်တဲ့အတွက် ကျွန်တော်တို့ ဒီ ၂၀၁၇-၂၀၁၈ မှာကတော့ပေးလို့မရပါဘူး။ သို့သော် ၂၀၁၈-၂၀၁၉ မှာကတော့ ဒါ သေချာပေါက် ပါမယ်ဆိုတာကို တင်ပြလိုပါတယ်။ ၂၀၁၈-၂၀၁၉ မှာကတော့ ပိုက်ဆံလည်းထည့်မယ်။ ဒါကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ အမှန်ကတော့ တကယ့်တကယ်ကတော့ အမှန်အတိုင်း ကျွန်တော်ပြောမယ်။ ကျွန်တော်တို့ဘက်က လိုသွားတာလည်းပါတယ်ခင်ဗျား။ သူတို့ပေးထားတာ ၂၀၀၀ ဟိုဟာကတည်းက ပေးထားတာကို ကျွန်တော်တို့က ထည့်ရမယ်။ ဒါကိုမထည့်ဘူးခင်ဗျား။ ကျွန်တော်တို့ဘက်က လိုသွားတော့ မှန်ပါတယ်။ သို့သော်လည်း ဒါကိုတော့ နည်းနည်း သည်းခံစေချင်ပါတယ်။ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ မှာတော့ လုံးဝပါအောင် ကျွန်တော့်အနေနဲ့ အာမခံပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းဟန် ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ မော်လမြိုင်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ပတ်သက်၍ ကျွန်တော်ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အခု ဒီအစိုးရသစ်လက်ထက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျွန်တော်တို့က ဒီဝန်ထမ်းအိမ်ရာတွေကို ကျွန်တော်တို့ တော်တော်လုပ်ပါတယ်။ အရင်တုန်းက ၂၀၁၁-၂၀၁၂ ကနေပြီးတော့ ကျွန်တော်တို့ ၂၀၁၁-၂၀၁၂ မှာဆို ဝန်ထမ်းအိမ်ရာ (၂၅၇)လုံးပဲရပါတယ်။ ၂၀၁၂-၂၀၁၃ မှာ (၆၆၉)လုံး၊ ၂၀၁၃-၂၀၁၄ မှာ (၁၅၃၇)လုံး၊ ၂၀၁၄-၂၀၁၅ မှာ (၂၀၁၆)လုံး၊ ၂၀၁၅-၂၀၁၆ မှာ (၁၁၃၁)လုံးနဲ့ ၂၀၁၆-၂၀၁၇ နှစ်မှာ (၃၉၄၅)လုံး၊ ၂၀၁၇-၂၀၁၈ မှာ (၅၂၀၀) ကျွန်တော်တို့ပေးပါတယ်။ ဘတ်ဂျက်အားဖြင့်လည်း တဖြည်းဖြည်း (၅)ရာခိုင်နှုန်းကနေ (၂၅)ရာခိုင်နှုန်းတက်လာပါတယ်။ ထို့အပြင်လည်း ဟိုအရင် ပြည်သူ့လွှတ်တော်မှာ ကျွန်တော်တင်ပြတဲ့အတိုင်း လာမယ့်ဘဏ္ဍာရေးနှစ်မှာတော့ ကျွန်တော်တို့က ဒါထပ်ပိုရအောင် ကျွန်တော်တို့က ပိုက်ဆံတောင်းမယ်။ ပိုက်ဆံတောင်းမယ်ဆိုတာ Overall Total Budget မှာတော့ ကျွန်တော်တို့ ပိုမတောင်းပါဘူး။ သို့သော်အတွင်းမှာ ကျွန်တော်တို့က ပြန်ပြီးတော့ ဝန်ထမ်းအိမ်ရာကို ပိုတောင်းဖို့ အစီအစဉ်ရှိပါတယ်။

ဒီနေရာမှာ တစ်ခါတည်း ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့ အနေနဲ့ကတော့ ဒီလိုဝန်ထမ်းအိမ်ရာ မရတာတွေက အများကြီးရှိပါတယ်။ ဒါတွေကို ဖြစ်နိုင်ရင်တော့ တိုင်းပြည် နည်းနည်း

ချမ်းသာလာမယ်ဆိုရင်တော့ ကျွန်တော်တို့က Housing Allowance တွေဘာတွေ ဝန်ထမ်းတွေကို ပေးဖို့တော့ လိုမယ်ထင်ပါတယ်။ ဒါကိုတော့ ကျွန်တော်ရေရှည်အနေနဲ့ သုံးသပ်ရမယ်။ မဟုတ်လို့ရှိရင် ကျွန်တော်တို့က နှစ်စဉ် နှစ်စဉ် ဝန်ထမ်းအိမ်ရာတွေတောင်းလိုက်၊ ပေးလိုက်။ တောင်းလိုက်ပေးလိုက် ဆိုတာ လုံးဝမကောင်းတဲ့ ကိစ္စဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခုဘယ်လိုလုပ်မလဲဆိုရင် လာမယ့် ဒီ အပတ်အတွင်းမှာဘဲ တိုင်းနှင့်ပြည်နယ်၊ ကုသနဲ့ဦးစီးမှူးတွေကို တစ်နိုင်ငံလုံး သူတို့တိုင်းနှင့်ပြည်နယ် တွေမှာရှိတဲ့ ဝန်ထမ်းအိမ်ရာ လိုနေတဲ့ဆေးရုံ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှာ ဘာတွေလိုလဲ၊ ကုသရေး မှာ အဲဒါတွေ ကျွန်တော်အကုန်လုံးစာရင်းတောင်းပါမယ်။ စာရင်းတောင်းပြီး ကျွန်တော်တို့ ဦးစားပေး အစီအစဉ်နှင့် တစ်ခါတည်းစီထားပါတယ်။ စီထားပြီး ကျွန်တော်တို့ တောင်းဆိုမယ်ဖြစ်ပါတယ်။ ဒီလိုကဲ့သို့ ဝန်ထမ်းအိမ်ရာတောင်းတာတော့ ကျွန်တော်တို့ တော်တော်လေးကောင်းတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးလည်း အရမ်းကျေးဇူးတင်ပါတယ်။

သို့သော် ကျွန်တော့်အနေနဲ့ကတော့ အခုမှတောင်းတယ်ဆိုတာတော့ တော်တော်ဝမ်းနည်း စရာကောင်းပါတယ်။ ၁၉၉၀ လောက်ကတည်းက ဖြစ်ပြီးတော့ မရှိဘဲနေတာ နှစ်ပေါင်းများစွာ ကြာပြီ။ ကျွန်တော့်လက်ထက်ကျမှပဲ တောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်ဖြစ်အောင်လုပ်ပေးပါမယ်။ ဒါကတော့ အမှန်ကတော့ အရင်ကတည်းက စတောင်းနေရမှာ။ ကျွန်တော်တို့ ဒီအစိုးရသစ်လက်ထက်မှာကျမှ တောင်းတာတွေကလည်း တော်တော်များပါတယ်။ ကျွန်တော်တို့လည်း အဖြစ်နိုင်ဆုံး ပေးမှာပါ။ ပေးမယ် ဆိုတဲ့အခါကျတော့ ကျွန်တော့်အနေနဲ့ကတော့ ဒီနှစ်မှာ ပိုက်ဆံသုံးတာကို သေသေချာချာ စိစစ်နေပါ တယ်။ ဖြစ်နိုင်တာတွေ အကုန်လုပ်မယ်။ နောက်ဆုံးမရရင် ပြင်ဆင်စရိတ်ကနေ အကုန်လုံးပြင်ဖို့ အစီအစဉ် အကုန်လုပ်ထားပါတယ်ခင်ဗျား။ အဲဒီတော့ ဒီဟာကတော့ လောလောဆယ် နောက်ဆုံး ဒီ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစပြီး ကျွန်တော်ဒါကို ပေးဖို့လုပ်ပေးမယ်ဖြစ်ကြောင်း တင်ပြလိုပါတယ် ခင်ဗျား။

နောက်ဆုံးထင်ပါတယ်။ ဒီမေးခွန်းကတော့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်း ဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ၏ ကြယ်ပွင့်ပြ မေးခွန်းနှင့် ပတ်သက်၍ ညောင်ဦးမြို့နယ်၊ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် အရာထမ်း၊ အမှုထမ်း အိမ်ရာ ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ (၈)ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ(၂)လုံးနဲ့ လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာ(၂)လုံး တည်ဆောက်ခြင်းလုပ်ငန်း များကို ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း(၅၀၀)ထည့်သွင်း တောင်းခံထားပြီး ဖြစ်ပါတယ်။ ရဖို့လည်းများပါတယ်။ ဒီဘဏ္ဍာငွေ ခွင့်ပြုချက်ရတာနဲ့ အမြန်ဆုံးစတင် ဆောက်လုပ် မယ်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး များ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သ အပ်ပါတယ်ခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး အနေနဲ့ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရဲ့ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီ ၂၀၁၅ ခုနှစ်၊ ဥပဒေမှာ ကြီးကြပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌအဖြစ် ဒုတိယဝန်ကြီးကို တာဝန်ပေးအပ်ထားသော်လည်း ပြည်နယ် နှင့်တိုင်းဒေသကြီးများ၏ အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန် ရည်ရွယ်၍ ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းမှုပြောင်းလဲခြင်းကြောင့် အယူခံခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကိုပါ လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ခြင်း၊ ဝန်ကြီး ဌာနအမည်ကို ခေတ်ကာလနှင့်လျော်ညီစွာ ပြန်လည်ပြင်ဆင်ခြင်း စသည်တို့အတွက် မြန်မာ့ကမ်းရိုးတန်း နှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ကို ပြဋ္ဌာန်းရန် လိုအပ်လာခြင်း ဖြစ်ပါတယ်။

မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံပြုချက်များနှင့်အညီ ပြင်ဆင် ရေးဆွဲခဲ့ပြီး ၈-၁၂-၂၀၁၆ ခုနှစ်တွင် ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၁၇/ ၂၀၁၆)သို့တင်ပြခဲ့ရာ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် သဘောတူ ခွင့်ပြုခဲ့ပါတယ်။ ဆုံးဖြတ်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသား လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။ အမျိုးသားလွှတ်တော်မှ စဉ်းစားဆွေးနွေးပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။　။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာ့ကမ်းရိုးတန်း နှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဗိုလ်မှူးချုပ်ခင်မောင်အေး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။　။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် ခင်မောင်အေး ဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း**
**လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

**စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇-၀၁၆**
**ရက်စွဲ၊　၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်**

၁။　ပြည်ထောင်စုလွှတ်တော်က မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင် ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေး နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ ပေးပို့လာပါတယ်။ ဒီဥပဒေကြမ်းနဲ့ စပ်လျဉ်း

ပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ပညာရှင်များနဲ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။

## လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအား လေ့လာစိစစ်တဲ့အခါ မူရင်းဥပဒေပြဋ္ဌာန်းတဲ့အချိန်မှာ တာဝန်ခံဝန်ကြီးဌာနဟာ ပို့ဆောင်ရေးဝန်ကြီးဌာန ဖြစ်ပြီးတော့ ယခု အစိုးရသစ်လက်ထက်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအဖြစ် တာဝန်ခံဝန်ကြီးဌာနပြောင်းလဲခဲ့ခြင်း၊ မူလဥပဒေမှာ ကြီးကြပ်ရေးဗဟိုအဖွဲ့ရဲ့ ဥက္ကဋ္ဌဟာ ဒုတိယဝန်ကြီးဖြစ်ပြီးတော့ ယခုအခါ ကြီးကြပ်ရေးဗဟိုအဖွဲ့ရဲ့ ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုဝန်ကြီးက တာဝန်ယူဆောင်ရွက်ရန် ဖြစ်ခြင်း စတဲ့လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပြင်ဆင်ဖြည့်စွက်ချက်များနှင့် လိုက်လျောညီထွေမှုရှိဖို့အတွက် ကြီးကြပ်ရေးဗဟိုအဖွဲ့ရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုလည်း ပြင်ဆင်ပြောင်းလဲထားကြောင်း လေ့လာတွေ့ရှိရပါတယ်။

## ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်တဲ့အပြင် ပြည်သူများအတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန် ပြင်ဆင်ထားခြင်းဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၈-၂-၂၀၁၇ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး များခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး မှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းမှာ ဖြစ်ပါ တယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို နိုင်ငံတော်ကသာ စီမံခန့်ခွဲတဲ့ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်း (Public Transport) ဌာန တစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကို ယနေ့ခေတ်စနစ်နှင့်အညီ ရေးဆွဲခဲ့ပြီးနောက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ရဲ့ အကြံပြုချက် များနဲ့အတူ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲခဲ့ပြီး ၁၆-၂-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၄/၂၀၁၇)သို့ တင်ပြခဲ့ရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကို အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော် သို့တင်ပြရန် သဘောတူဆုံးဖြတ်ခဲ့ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရှိ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေနဲ့ စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရန် အလို့ငှာ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၅၁)ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီ ဥပဒေအရ နိုင်ငံတော်ရဲ့ ဘတ်ဂျက်ပြင်ပသို့ထွက်၍ ဆောင်ရွက်ခဲ့ရာမှာ ဝင်ငွေနှင့် အသုံးစရိတ်မမျှတမှုကြောင့် ဆက်လက်ရပ်တည်ရန် အခက်အခဲများစွာ ဖြစ်ပေါ်လာတဲ့အတွက် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေအတွင်းသို့ ပြန်လည်ဝင်ရောက်၍ နိုင်ငံတော်မှ စီမံခန့်ခွဲတဲ့ အစိုးရဌာနတစ်ခုအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရန် လိုအပ်လျက်ရှိတာ ဖြစ်ပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဟာ နိုင်ငံတော်ပိုင် ရေယာဉ်များဖြင့် အကျိုးအမြတ်အပေါ် အခြေမခံဘဲ ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ၊ လုံခြုံစိတ်ချစွာ ခရီး သွားလာနိုင်ရန်နှင့် ကုန်စည်များစရိတ်စခ သက်သာစွာ ပို့ဆောင်နိုင်ရန် ဆောင်ရွက်ရတဲ့ အများပြည်သူ ပိုင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။

အဲဒီဌာနအနေနဲ့ အကျိုးအမြတ်အတွက် စီးပွားရေးဆန်ဆန် ဆောင်ရွက်ချင်တဲ့ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ အတွင်းမှနေ၍ ဝန်ဆောင်မှုလုပ်ငန်းကို အဓိကထားဆောင်ရွက်ခြင်းကသာ ပြည်သူများရဲ့ ရေကြောင်းခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ပြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုပါ တစ်ဖက် တစ်လမ်းကနေ အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ ဒီဥပဒေကြမ်းဟာ ပြည်တွင်းရေကြောင်းပို့ဆောင် ရေးလုပ်ငန်းအားလုံးကို ချုံပြီးပြဋ္ဌာန်းမှာ မဟုတ်ပါဘူးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အနေ နှင့် ပိုပြီးတော့ ရှင်းလင်းစေရန်အတွက် ကျွန်တော်ရှင်းပြခွင့် ပြုပါခင်ဗျား။

လက်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဟာ ယခင်က ၁၈၆၅ ခုနှစ်ကတည်းက Irrawaddy Flotilla Co.Ltd အဖြစ် စတင်တည်ထောင်ခဲ့ပြီးတော့ ၁၉၄၈ ခုနှစ်မှာ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအဖွဲ့၊ ၁၉၇၅ ခုနှစ်မှာ ရေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်း၊ ၁၉၈၉ ခုနှစ်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖြစ် နာမည်အဆင့်ဆင့် ပြောင်းလဲခဲ့တာ ဖြစ်ပါတယ်။ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းအားလုံးကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတစ်ခုတည်းက လုပ်မှာ မဟုတ်ပါဘူး ခင်ဗျား။ ယခုတင်ပြတဲ့ ဥပဒေကြမ်းမှာကိုက ပုဂ္ဂလိကကဏ္ဍလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးရန် ပုဂ္ဂလိကတွေနဲ့ ပေါင်းစပ်မယ်လို့ ပါဝင်ပါတယ်။ ဒီဥပဒေကြမ်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုအတွက်ပဲ သက်ရောက်မှုရှိရန် ပြဋ္ဌာန်းမှာ ဖြစ်ပါတယ်ခင်ဗျား။ အရင်တုန်းကရှိခဲ့တဲ့ ဥပဒေကိုပေါင်းစပ်ပြီး ရိုးရိုးရှင်းရှင်းပဲ ရေးဆွဲထားတာ ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ ဒီ ဥပဒေကြမ်းကို အရင်ဆုံး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီကို တင်ပြခဲ့တဲ့အခါမှာ၊ အဲဒီကော်မတီကနေ သမ္မတရုံးကနေပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို တင်ပြတဲ့အခါမှာ ဒီ ဥပဒေအခန်း(၃)၊ ပုဒ်မ ၆(က) နိုင်ငံတော် အတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအားလုံးကို ဆောင်ရွက်ခြင်းဆိုတဲ့ စကားရပ်ပါနေတဲ့ အတွက် အဲဒီ့စကားရပ်အစား နိုင်ငံတော်အတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဆိုတဲ့ စကားရပ်ဖြင့် အစားထိုးပြင်ဆင်ပြီးတော့မှ ကျွန်တော်တို့ အစိုးရအဖွဲ့သို့ တင်ပြ ခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီ ဥပဒေကြမ်းကို တင်ပြရတာလည်း ၁၃-၂-၂၀၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ၂၀၁၄ ခုနှစ်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြဋ္ဌာန်းရန်မသင့်ကြောင်း အတည်ပြုခဲ့ပြီးနောက် နိုင်ငံတော်သမ္မတရုံးရဲ့ လမ်းညွှန်ချက်အရ ပြင်ဆင်ပြီးဖြစ်တဲ့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်း အသစ်ကို တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းနိုင်ရေး အတွက် လေ့လာပြီး စဉ်းစားဆွေးနွေးနိုင်ပါရန် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဒေါက်တာမျိုးအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဝင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးအောင် ဖြစ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

**စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/၂၀၁၇ -၀၈၃**
**ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်**

၁။ ပြည်ထောင်စုလွှတ်တော်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို ၂၁-၂-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၁-၂-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်များ**

၂။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍသို့ ကူးပြောင်းနိုင်ရန်နှင့်

ကိုယ်ပိုင်စီမံခန့်ခွဲ ဆောင်ရွက်ပိုင်ခွင့်ရှိသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့အဖြစ် အသွင်ပြောင်းလဲဖွဲ့စည်းနိုင်ရန်အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၅၁)အဖြစ် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းခဲ့ပါတယ်။ လက်ရှိတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ ပြင်ပ၌ရပ်တည်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၃။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းသည် အကျိုးအမြတ်ပေါ်အခြေခံ၍ ဆောင်ရွက်ရသည့်လုပ်ငန်းမဟုတ်ဘဲ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရန်နှင့် ကုန်စည်များ ကူးသန်းပို့ဆောင်နိုင်ရန်ဆောင်ရွက်ရသည့် အများပြည်သူပိုင် ပို့ဆောင်ရေးလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ပုဂ္ဂလိကသို့ လွှဲပြောင်းဆောင်ရွက်ခြင်းမပြုသင့်ဘဲ နိုင်ငံတော်ကသာ ဆက်လက်တာဝန်ယူ ဆောင်ရွက်သင့်သည့်အတွက် တည်ဆဲဖြစ်သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၄။ သို့ရာတွင် တည်ဆဲဥပဒေဖြစ်သည့် ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၅၁)ကို ရုပ်သိမ်းလိုက်မည်ဆိုပါက ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေးအဖွဲ့အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ အက်ဥပဒေ၊ အမှတ်(၃၅))ကို ရုပ်သိမ်းခဲ့ပြီးဖြစ်သဖြင့် ဥပဒေဆိုင်ရာလစ်ဟာမှုများ ဖြစ်ပေါ်နိုင်ကြောင်းနှင့် အစားထိုး ကျင့်သုံးနိုင်မည့် ဥပဒေသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းသည့်အချိန်မှသာ ဤဥပဒေကို တစ်ပါတည်းရုပ်သိမ်းရန် လိုအပ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

၅။ ယခုအခါ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းအား အကျိုးအမြတ်ကို ဦးတည်၍ စီးပွားရေးဆန်ဆန် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ ပြင်ပမှရပ်တည်ဆောင်ရွက်မှု မပြုတော့ဘဲ ပြည်တွင်းရေကြောင်းခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးကိုသာ ဦးတည်ဆောင်ရွက်ရန်နှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းသို့ ပြန်လည် ဝင်ရောက်၍နိုင်ငံတော်မှ စီမံခန့်ခွဲသည့် အစိုးရဌာနတစ်ခုအဖြစ် ပြန်လည်ရပ်တည်ဆောင်ရွက်ရန် ရည်ရွယ်၍ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို လွှတ်တော်သို့ ပြန်လည်တင်ပြလာသည့်အတွက်လွှတ်တော်က အတည်ပြုဆောင်ရွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။ ထို့ပြင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ဝင်ငွေနှင့် အသုံးစရိတ်မမျှတမှု အခြေအနေများကြောင့် ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများ ကြုံတွေ့နေရသည့်အတွက် ဥပဒေအသစ် အတည်ပြု ပြဋ္ဌာန်းဆောင်ရွက်ရန်အရေးတကြီး လိုအပ်လျက်ရှိပါကြောင်း တစ်ပါတည်း အစီရင်ခံတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၆။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်

တွေ့ဆုံညှိနှိုင်း ဆွေးနွေးပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၈-၂-၂၀၁၇ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၄) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက် နေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။**　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၁း၀၇ နာရီအချိန်တွင် ရပ်နားပါသည်။]